# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၈။)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ ပုဒ်မ ၃၊ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြို့နယ်အားလုံးနှင့် ကျေးလက်ဒေသမကျန် နှစ်စဉ် ဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတို့ကို ရေးဆွဲရာတွင် ပါဝင်လာစေရန်၊"

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄)တွင် ပါရှိသော "မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ကို "မြို့နယ်ဦးစီးမှူး၊ မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆)တွင်ပါရှိသော "မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန" ဆိုသည့် စကားရပ်ကို "မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေ ပုဒ်မ ၉ ၊ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"(စ) ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များသို့ ထောက်ပံ့ငွေအဖြစ် လွှဲပြောင်းပေးပို့သော ငွေကိုဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ မြို့နယ်ဘဏ်ခွဲများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစီအစဉ်အောက်၌ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေအမည်ဖြင့် ငွေစာရင်းဖွင့်လှစ်ပြီး ငွေထုတ်သူအရာရှိအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ဦးစီးမှူး

မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ အမည်စာရင်းနှင့် ငွေစာရင်းအမှတ်တို့ကို ဗဟို ကော်မတီသို့ ပေးပို့ခြင်း၊"

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ ပုဒ်မ ၁၀ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"၁၀။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးပြီးစာရင်းစစ် အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံ တင်ပြရ မည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးပြီး စာရင်းစစ် အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြရ မည်။"

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေပုဒ်မ ၂၀တွင် ပါရှိသော "နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုဒ်မ ၁၀၆ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၁၀၇တို့အရ ဤဥပဒေကိုထုတ်ပြန်သည်။